# အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
# လူမှုဖူလုံရေးအဖွဲ့

၂၀၁၆ခုနှစ် ဩဂုတ်လ (၁၈)ရက်

## လူမှုဖူလုံရေးအကျိုးခံစားခွင့်များ လျှောက်ထားရာတွင် ယူဆောင်လာရမည့် အထောက်အထားများနှင့် စာရွက်စာတမ်းများ

### ၁။ အလုပ်ဌာနမှတ်ပုံတင်ခြင်းအတွက် လိုအပ်သည့် စာရွက် စာတမ်းများ

အလုပ်ရှင်တစ်ဦးသည် လုပ်ငန်းစတင် လုပ်ကိုင်ပြီး ရက်ပေါင်း ၃၀ အတွင်း အောက်ပါ စာရွက်စာတမ်းများနှင့် အတူမှတ်ပုံတင်ရန် တာဝန်ရှိပါသည်-

(က) အလုပ်ဌာနမှတ်ပုံတင်ပုံစံ၊

(ခ) အာမခံထားမည့်သူများစာရင်း (အလုပ်သမားစာရင်း၊ မှတ်ပုံတင်၊ အဘအမည်၊ လုပ်ခလစာ၊ အလုပ်အကိုင် စသဖြင့် တွဲတင်ရန်၊)

(ဂ) လုပ်ငန်းဌာန တည်ထောင်ဖွင့်လှစ်ခြင်းမှတ်တမ်း၊

(ဃ) လုပ်ငန်းလိုင်စင်မိတ္တူ။

### ၂။ အလုပ်သမားတစ်ဦးမှတ်ပုံတင်ရန် လိုအပ်သည့် စာရွက်စာတမ်းများ

အလုပ်ရှင်တစ်ဦးသည် အလုပ်သမားတစ်ဦး စတင်ခန့်အပ်ပြီး (၁၀) ရက်အတွင်း အောက်ပါ စာရွက်စာတမ်းများ နှင့်အတူ မှတ်ပုံတင်ရန် တာဝန်ရှိပါသည်-

(က) အလုပ်သမားမှတ်ပုံတင်ပုံစံ၊

(ခ) ကျန်းမာကြောင်းထောက်ခံချက်၊

(ဂ) အာမခံထားမည့်သူတစ်ဦးထက်ပိုလျှင်အာမခံထားမည့်သူများစာရင်း (အလုပ်သမားစာရင်း၊ မှတ်ပုံတင်၊ အဘအမည်၊ လုပ်ခလစာ၊ အလုပ်အကိုင် စသဖြင့် တွဲတင်ရန်။)

### ၃။ မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့် နှင့် ငွေကြေးအကျိုးခံစားခွင့် လျှောက်ထားရန် လိုအပ်သည့် စာရွက်စာတမ်းများ

(က) မကျန်းမာမှုဖြစ်ကြောင်း အလုပ်ရှင်ထံမှ အကြောင်းကြားစာပုံစံအား ဖြည့်စွက် ၍ ယူလာရန်၊

(ခ) ဆရာဝန်မှ ဆေးခွင့်ပေးသည့် ဆေးလက်မှတ်ပုံစံ နှင့် ပူးတွဲတင်ပြရန်၊

(ဂ) ဆေးရုံတက်ရပါက ဆေးရုံတက်ဆင်းလက်မှတ်များ ပူးတွဲတင်ပြရန်၊

(ဃ) လူနာ၏ကိုယ်တိုင်ရေးလျှောက်လွှာ၊

(င) လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား။

၄။ **အာမခံအလုပ်သမားအမျိုးသမီးများ ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ငွေကြေး အကျိုးခံစားခွင့် လျှောက်ထားရန် လိုအပ်သည့် စာရွက်စာတမ်းများ**

(က) အလုပ်ရှင်ထံမှ မီးဖွားကြောင်းထောက်ခံသည့် အကြောင်းကြားစာပုံစံ၊

(ခ) သက်ဆိုင်ရာ လူမှုဖူလုံရေးဆရာဝန်မှထုတ်ပေးသည့် မီးမဖွားမီ နှင့် မီးဖွားပြီး ဆေး လက်မှတ်ပုံစံ၊

(ဂ) မီးဖွားထားကြောင်း မွေးစာရင်းမိတ္တူ၊

(ဃ) လူနာ၏ကိုယ်တိုင်ရေးလျှောက်လွှာ၊

(င) လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား။

၅။ **အာမခံအလုပ်သမားအမျိုးသမီး မီးဖွားမှုအတွက် မီးဖွားစရိတ် လျှောက်ထားရန်လိုအပ်သည့် စာရွက်စာတမ်းများ**

(က) အလုပ်ရှင်ထံမှ မီးဖွားကြောင်းထောက်ခံသည့် အကြောင်းကြားစာပုံစံ၊

(ခ) သက်ဆိုင်ရာ လူမှုဖူလုံရေးဆရာဝန်မှ ထုတ်ပေးသည့် မီးမဖွားမီနှင့် မီးဖွားပြီး ဆေး လက်မှတ်ပုံစံ၊

(ဂ) မီးဖွားထားကြောင်း မွေးစာရင်းမိတ္တူ၊

(ဃ) လူနာ၏ကိုယ်တိုင်ရေးလျှောက်လွှာ၊

(င) လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား။

၆။ **ဖခင်ဘဝဖြစ်မှု ငွေကြေးအကျိုးခံစားခွင့်နှင့် ဖခင်ဘဝဖြစ်မှုစရိတ် လျှောက်ထားရန် လိုအပ် သည့် စာရွက်စာတမ်းများ**

(က) ဖခင်ဘဝအကျိုးခံစားခွင့်ဆိုင်ရာ ဆေးသက်သေခံလက်မှတ် (ဆ-၂)၊

(ခ) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ထုတ်ပေးထား သော အိမ်ထောင်စုစာရင်း၊

(ဂ) ဇနီးမီးဖွားခဲ့သော ဆေးရုံ/ ဆေးခန်းကဖြစ်စေ၊ ကျန်းမာရေးဦးစီးဌာနကဖြစ်စေ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းကဖြစ်စေ ထုတ်ပေးသည့် မီးဖွား ကြောင်း ခိုင်လုံသော သက်သေအထောက်အထား၊

(ဃ) အာမခံထားသူ၏ ဇနီးမီးဖွားကြောင်း အလုပ်ရှင်၏ထောက်ခံချက်။

❖ ဇနီး၊ ခင်ပွန်းသည် (၂) ဦးလုံး အာမခံအလုပ်သမားများ ဖြစ်ပါက မီးဖွားစရိတ်ကို အမျိုးသမီး အတွက်သာခံစားခွင့်ရှိပါသည်။

၇။ **အငြိမ်းစားယူပြီးနောက် ဆေးကုသမှုဆက်လက်ခံယူခွင့် လျှောက်ထားရန်လိုအပ်သည့် စာရွက်စာတမ်းများ**

(က) အငြိမ်းစားယူခွင့်ပြုသော ဌာနဆိုင်ရာ ရုံးအမိန့်စာနှင့် ပင်စင်ကတ်

(ခ) လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား။

(ဂ) အလုပ်လုပ်ကိုင်ခဲ့သည့် ကာလတစ်လျှောက် ထည့်ဝင်ကြေးကို လပေါင်း ၁၈ဝ နှင့် အထက် ရှိကြောင်း ခိုင်လုံသည့် အထောက်အထား၊

- နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အမှုထမ်းသက်စာအုပ် သို့မဟုတ် ဝန်ထမ်း၏ ကိုယ်ရေးမှတ်တမ်းဖိုင်မှ တာဝန်ထမ်းဆောင်ခဲ့သော ကာလဒေသ အပိုင်းအခြား တို့ကို ဖော်ပြ၍ အငြိမ်းစားမယူမီ နောက်ဆုံးဌာနဆိုင်ရာ တာဝန်ရှိသူ၏ ထောက်ခံချက်၊
- ပုဂ္ဂလိက အာမခံအလုပ်သမားဖြစ်ပါက ထိုကာလများအတွင်း ၎င်းနှင့် အတူ တကွ လုပ်ကိုင်ခဲ့သော လုပ်ဖော်ကိုင်ဖက် (၂) ဦးမှ အာမခံအလုပ်သမားတစ်ဦး အဖြစ် လူမှုဖူလုံရေးအဖွဲ့တွင် ထည့်ဝင်ကြေးပေးသွင်းခဲ့ကြောင်း ထောက်ခံချက်၊

၈။ **ခရီးစရိတ်များပြန်လည်ထုတ်ယူရန် လိုအပ်သည့် စာရွက်စာတမ်းများ**

(က) သက်ဆိုင်ရာ လူမှုဖူလုံရေးဆေးခန်းမှ ဆေးရုံသို့ လွှဲပြောင်းပေးပို့သည့် ညွှန်း ပို့စာ၊

(ခ) အမှန်တကယ်သွားရောက်ခဲ့သော ခရီးသွားလက်မှတ် အထောက်အထား (ကား လက်မှတ်၊ ရထားလက်မှတ်စသည်။)

(ဂ) ခရီးစရိတ်ကို သက်ဆိုင်ရာလူမှုဖူလုံရေးရုံးခွဲနှင့် ဆေးကုသမှုခံယူသည့် အလုပ်သမား ဆေးရုံများတွင် တင်ပြတောင်းခံနိုင်သည်။ (ယင်းသို့ တင်ပြရာတွင် သက်ဆိုင်ရာရုံးခွဲ သို့မဟုတ် အလုပ်သမားဆေးရုံတွင် ခရီးစရိတ်ထုတ်ယူထားခြင်း မရှိကြောင်း ထောက်ခံချက် တင်ပြရမည်။)

၉။ **ပြင်ပမှ ဆေးဝါးဝယ်ယူကုန်ကျစရိတ်များ ပြန်လည် လျှောက်ထားရန်လိုအပ်သည့် စာရွက် စာတမ်းများ**

(က) သက်ဆိုင်ရာဆရာဝန်၏ ကုသပေးထားသည့် ဆေးကုသမှုမှတ်တမ်း၊ (ပြည့်စုံမှုရှိရမည်)

(ခ) လူနာ၏ကိုယ်တိုင်ရေးလျှောက်လွှာ၊

(ဂ) လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား မူရင်းကို သက်ဆိုင်ရာလူမှုဖူလုံရေး ရုံးခွဲသို့ ပြသစစ်ဆေးခံရမည်။

(ဃ) သက်ဆိုင်ရာ လူမှုဖူလုံရေးရုံးခွဲ၏ အာမခံအကျုံးဝင် အလုပ်သမားဖြစ် ကြောင်း ထောက်ခံချက်၊ (နောက်ဆုံးထည့်ဝင်ကြေးလ၊ လုပ်ခလစာ ဖော်ပြရ မည်)

(င) ဆေးဝယ်ပြေစာမူရင်း (သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီး (သို့) သက်ဆိုင် ရာ တာဝန်ခံဆရာဝန်၏ ထောက်ခံချက်လက်မှတ်ပါရှိရမည်။)

(စ) အလုပ်ရှင်ထောက်ခံစာ၊

(ဆ) သက်ဆိုင်ရာ လူမှုဖူလုံရေးဆေးခန်းဆရာဝန်၏ ထောက်ခံချက်၊

၁၀။ **အာမခံအလုပ်သမား သေဆုံးလျှင် နာရေးစရိတ် လျှောက်ထားရန်လိုအပ်သည့် စာရွက်စာတမ်းများ**

(က) မိမိအလုပ်သမားသေဆုံးသည်မှာ မှန်ကန်ကြောင်းအလုပ်ရှင်၏ထောက်ခံစာ၊

(ခ) ကျန်ရစ်သူမိသားစု၏ နာရေးစရိတ်လျှောက်လွှာ၊

(ဂ) တာဝန်ခံဆရာဝန်မှ ထုတ်ပေးသည့် ဆေးလက်မှတ် သေစာရင်းပုံစံ၊

(ဃ) သေဆုံးမှုလက်မှတ် (သို့) ရပ်ကွက်ထောက်ခံစာ၊

(င) နာရေးစရိတ်ထုတ်ယူသူမှာ မိသားစုဝင်ဖြစ်ကြောင်း (သို့) နာရေးကိစ္စကို တာဝန်ယူ ဆောင်ရွက်ခဲ့သူဖြစ်ကြောင်း ခိုင်လုံသည့် အထောက်အထား။

(စ) သေဆုံးသူ၏ လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား။

၁၁။ **အာမခံအလုပ်သမားများ အလုပ်တွင်ထိခိုက်ဒဏ်ရာရမှု ငွေကြေးအကျိုးခံစားခွင့် လျှောက်ထားရန်လိုအပ်သည့် စာရွက်စာတမ်းများ**

(က) အလုပ်တွင်ထိခိုက်မှုကြောင့် ယာယီမသန်စွမ်းမှုဖြစ်ပါက ဆေးကုသမှု ပေးထားသည့် ဆေးမှတ်တမ်း၊

(ခ) ရုံးခွဲတာဝန်ခံ၊ စစ်ဆေးရေးမှူး၊ ဆေးဘက်ဆိုင်ရာတာဝန်ရှိသူနှင့် လိုအပ် လျှင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိ သူတို့၏ အလုပ်တွင်ထိ ခိုက်မှုဖြစ်သည်ကို စစ်ဆေးအတည်ပြုထားသည့် အတည်ပြုချက်၊

(ဂ) ယာယီမသန်စွမ်းမှု အကျိုးခံစားခွင့် တောင်းဆိုလွှာ၊

(ဃ) သက်ဆိုင်ရာဆရာဝန်မှ ဆေးကုသမှုပေးထားသည့် ယာယီမသန်စွမ်းမှု ဆေးလက်မှတ်၊

(င) လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား။

၁၂။ **အာမခံ အလုပ်သမားများ အလုပ်တွင်ထိခိုက်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအတွက် ငွေကြေးအကျိုးခံစားခွင့် လျှောက်ထားရန်လိုအပ်သည့် စာရွက်စာတမ်းများ**

(က) အလုပ်တွင်ထိခိုက်မှုကြောင့် ဖြစ်ပေါ်သည့် အမြဲတမ်းမသန်စွမ်းမှု မှန်ကန် ကြောင်းနှင့် စပ်လျဉ်း၍ ရုံးခွဲတာဝန်ခံ၊ စစ်ဆေးရေးမှူး၊ ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူနှင့် လိုအပ်လျှင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး

ဦးစီးဌာနမှ တာဝန်ရှိသူတို့၏ အလုပ်တွင်ထိခိုက်မှုဖြစ်သည်ကို စစ်ဆေး အတည်ပြုထားသည့် အတည်ပြုချက်

(ခ) အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် တောင်းဆိုလွှာ၊

(ဂ) ဆရာဝန်၏ နောက်ဆုံးဆေးခွင့်ပေးထားသည့် ဆေးစာ၊

(ဃ) လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား။

၁၃။ **ကျန်ရစ်သူအကျိုးခံစားခွင့် လျှောက်ထားရန်လိုအပ်သည့် စာရွက်စာတမ်းများ**

(က) အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစား ခွင့် တောင်းဆိုလွှာ၊

(ခ) အလုပ်ရှင်၏ ထောက်ခံစာ၊

(ဂ) သေဆုံးသူက မိမိအား အမည်စာရင်းတင်သွင်းထားကြောင်း ဝန်ခံချက် (သို့မဟုတ်) မိမိသည် အဆိုပါ အကျိုးခံစားခွင့်ကို ရထိုက်သူဖြစ်ကြောင်း အထောက်အထား၊

(ဃ) သေဆုံးသူ၏ လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြား၊

(င) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးမိတ္တူ၊

(စ) လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ အိမ်ထောင်စု စာရင်း မိတ္တူ ၊

၁၄။ **ငွေကြေးအကျိုးခံစားခွင့်များ တောင်းခံရမည့် ကာလ ကန့်သတ်ချက်များ**

- မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ ယာယီမသန်စွမ်းမှု အကျိုးခံစားခွင့်များကို ဆေးခွင့် ကုန် ဆုံးပြီး (၃)လအတွင်းတောင်းခံရမည်။
- အမြဲတမ်းမသန်စွမ်းမှုပင်စင်ကို ယာယီမသန်စွမ်းမှု ကာလကုန်ဆုံးပြီး(၁)နှစ်အတွင်း လျှောက်ထားရမည်။
- ကျန်ရစ်သူပင်စင်ကို လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးပြီး (၁)နှစ်အတွင်း လျှောက်ထားရမည်။

၁၅။ **လူမှုဖူလုံရေးအာမခံစိစစ်ရေးအမှတ်**

- လူမှုဖူလုံရေး အာမခံစိစစ်ရေး ကတ်ပြားပါ (SSN) အမှတ်သည် အကျိုးခံစားခွင့် အတွက် ထည့်ဝင်ကြေးကာလများ ဆက်စပ်ပေးပါသည်။
- အာမခံအလုပ်သမားအားလုံးသည် **အကျိုးခံစားခွင့်များ နစ်နာဆုံးရှုံးမှု မရှိစေရန်နှင့် ထည့်ဝင်ကြေးကာလ ဆက်စပ်နိုင်ရေးအတွက်** လူမှုဖူလုံရေး အာမခံ စိစစ်ရေး ကတ်ပြားနှင့် ထိုအာမခံစိစစ်ရေးကတ်ပြားပါ (SSN) အမှတ် တစ်ခုတည်းကိုသာ ဆက်လက် အသုံးပြုရပါမည်။